## ၁၉၆၁ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(စတုတ္ထပြင်ဆင်ချက်) အက်ဥပဒေ။*

(၁၉၆၁ခုနှစ်၊ အက်ဥပဒေအမှတ် ၂၀။)

(၁၉၆၁ခုနှစ်၊ စက်တင်ဘာလ ၂၈ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၆၁ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(စတုတ္ထပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။(၁) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ၂၀တွင် "လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေး"ဆိုသည့်စကားရပ်အစား၊ "လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ သင်ကြားနိုင်သော အခွင့်အရေး"ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(၂) အောက်ပါကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၀၏ ခြွင်းချက်အဖြစ် ထည့်သွင်းရမည်။

> "**ခြွင်းချက်။** ။သို့ရာတွင် မိဘ၊ သို့မဟုတ် အုပ်ထိန်းသူတို့၏ စာဖြင့်ရေးသားထားသော ကြိုတင်သဘောတူညီချက်ကို မရရှိဘဲ၊ ကျောင်းများတွင် မည်သည့်အသက်မပြည့်သေးသူကိုမျှ ၎င်း၏ မိဘကိုးကွယ်သည့်ဘာသာမဟုတ်သည့် မည်သည့်ဘာသာကိုမျှ သင်ကြားခြင်းမပြုရ။"

၃။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(၅) နောက်တွင် အောက်ပါကို ပုဒ်မခွဲ (၆)အဖြစ် ထည့်သွင်းရမည်။

> "(၆) ဘာသာ သာသနာတို့ကို ရေးသားခြင်းအားဖြင့်သော်လည်းကောင်း၊ မြွက်ဆိုခြင်းအားဖြင့်သော်လည်းကောင်း၊ အခြားနည်းအားဖြင့်သော်လည်းကောင်း၊ စော်ကားမှု၊

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၇)ရက်၊ စာမျက်နှာ ၂၀၂၄

မဟုတ်မမှန်စွပ်စွဲမှု စသော ဘေးရန်အန္တရာယ်ခပ်သိမ်းမှ နိုင်ငံတော်အစိုးရသည် ကာကွယ်စောင့်ရှောက်ရမည်။"

-----------

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမ္မတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၃ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ရက်။

(၁၉၆၁ခုနှစ်၊ စက်တင်ဘာလ ၂၈ရက်။)

အမိန့်အရ၊

သာထက်

နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။